
mgyoe.com SAMPLE BOOK

မြန်မာ့အာဇာနည် သူရဲကောင်း

# မဟာဗန္ဓုလ

ဝင်
လှသမိန်



mgyoe.com




ဒီဇိုင်း: ဖောင် ဖောင် အောင်- ၂၀၂၄

HTM0044
MMK 4,500.00

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

မြန်မာ့အာဇာနည် သူရဲကောင်း

# မဟာဗန္ဓုလ

လှသမိန်

(ပြုစုသည်)

ဒုတိယအကြိမ်၊ ၂၀၂၄

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာ့အာဇာနည်သူရဲကောင်း မဟာဗန္ဓုလ၊ လှသမိန်
မျက်နှာဖုံးဒီဇိုင်း - မောင်မောင်အောင်
စာမျက်နှာ ၁၂၀ မျက်နှာ၊ ၁၂•၈ စင်တီ× ၁၈•၅ စင်တီ

ထုတ်ဝေသူ - ဦးခန့်ဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၄၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၈ ပတ္တမြားငေဟက်စာပေ၏ ပထမအကြိမ်မှု၊

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


– အမှာ ၁

– သမိုင်းဝင် ဓာတ်ပုံများ ၅

၁။ မဟာဗန္ဓုလ၏ ဘဝနိဒါန်း ၁၅

၂။ ဒုတိယဝေသာလီ (အာသံ) ပြည်အရေး ၆၀

၃။ အင်္ဂလိပ် – မြန်မာ ပထမအရေးတော်ပုံ ၆၆

၄။ သတိုးမဟာဗန္ဓုလ၏ အရည်အသွေး ၉၈

၅။ မဟာဗန္ဓုလ–အတ္ထုပ္ပတ္တိမှတ်တမ်းအကျဉ်းချုပ် ၁၁၀

၆။ မဟာဗန္ဓုလအပေါ် ခေတ်ပြိုင်နိုင်ငံခြားသားများ၏ အမြင် ၁၁၃


❖

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

မြန်မာသူရဲကောင်း စစ်သူကြီး မဟာဗန္ဓုလအကြောင်းကို ထုတ်ဖော်ချင်သောဆန္ဒမှာ စာရေးသူ၏ စိတ်တွင် ကာလစောစွာ ကပင် ဖြစ်ပေါ်ခဲ့သည်။ ကျောင်းနေစဉ်က သူရိယ ဦးသိန်းမောင်၏ သူရဲကောင်း စာစဉ်များကို ဖတ်ရှုသင်ကြားခဲ့စဉ်က မဟာဗန္ဓုလ၏ အတ္ထုပ္ပတ္တိလည်း ပါဝင်ခဲ့ပါသည်။ အခြားသုတေသီများကလည်း မဟာဗန္ဓုလအကြောင်းကို ကြိုကြားကြိုကြား ရေးသား ဖော်ထုတ်ခဲ့ကြသည့်အပြင် အင်္ဂလိပ်–မြန်မာ စစ်ပွဲနှင့် ဆက်စပ်၍ အသိများသော သူရဲကောင်းတစ်ဦး ဖြစ်ပေသည်။

သို့တစေ မြန်မာရာဇဝင်ကျမ်းများ၊ မှတ်တမ်းများနှင့် ဥရောပတိုက်သားတို့၏ ရေးသားဖော်ပြချက်များကို ပေါင်းရုံး၍ မဟာဗန္ဓုလကို အင်္ဂလိပ်–မြန်မာ စစ်ရေးတွင် အံ့ဘနန်း စွမ်းဆောင်ခဲ့သော မျိုးချစ် အာဇာနည်မှူးကြီးအဖြစ် တစ်နည်းတစ်ဖုံ မီးမောင်းထိုးပြလိုပေသည်။

စာရေးသူသည် ဓနုဖြူမြို့ရှိ မဟာဗန္ဓုလ၏ ဂူသင်္ချိုင်း ရုပ်တုကို သွားရောက်ကြည့်ရှုရာတွင်လည်းကောင်း၊ ရခိုင်ပြည်နယ်

mgyoe.com

mgyoe.com SAMPLE BOOK


မြို့ဟောင်းမြို့ကို ရောက်ရှိစဉ် မဟာဗန္ဓုလကျောင်းနှင့် မဟာဗန္ဓုလ လက်ထက် စစ်ချီရာတွင် စတည်းချနေထိုင်ခဲ့ကြသော မြန်မာစစ်သည် သူရဲကောင်းများမှ ဆင်းသက်လာခဲ့ကြသူများဟု မှတ်ထင်ရသည့် မြန်မာကြီးများကို တွေ့ရှိရစဉ်ကလည်းကောင်း မဟာဗန္ဓုလကို လှိုက်လှိုက်လှဲလှဲ တမ်းတ သတိရ ခံစားခဲ့ရပေသည်။ ထိုခံစားမှုများသည် မဟာဗန္ဓုလအကြောင်းကို တတ်နိုင်သမျှ စေ့ငုတင်ပြလိုသည့် ဆန္ဒကို ပိုမိုပြင်းပြစေခဲ့သည်။

သို့ဖြစ်၍ လက်လှမ်းမီရာ စာအုပ်စာတမ်းများကို ဖတ်ရှုသုံးသပ်၍ မဟာဗန္ဓုလ အကြောင်းအရာတို့ကို ပြည့်စုံအောင် ပြုစုရေးသားခဲ့သည်။

မဟာဗန္ဓုလသည် မည်မျှ စွမ်းရည်သတ္တိရှိသည်များကို မဟာဗန္ဓုလ တိုက်ခိုက်အောင်မြင်ခဲ့သည့် တိုက်ပွဲများတွင် သုံးသပ်သိရှိနိုင်ပေသည်။ သို့ရာတွင် အဘယ်ကြောင့် မြန်မာတို့ စစ်ရှုံးခဲ့ရသည်ကို လေ့လာလျှင် ဗြိတိသျှတို့၏ စစ်ပရိယာယ် သာလွန်ခြင်း၊ မြန်မာတို့က ကူးသန်းသွားလာရေး ခက်ခဲ၍ စစ်ချီစစ်တက်၊ စစ်ရွှေ့ရာတွင် အပန်းတကြီး ကြိုးစားရ၍ ရေတပ်အင်အားနှင့် လက်နက်အင်အား ကွာခြားခြင်း၊ ဗြိတိသျှတို့၏ ကလိမ်ကကျစ် ကြံစည်မှုနှင့် မြန်မာနိုင်ငံအလုံးကို သိမ်းပိုက်ရန် အကွက်ချ စီမံထားရှိခြင်း၊ မြန်မာသစ္စာဖောက်၏ ရန်သူနှင့် ပူးပေါင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း အဘက်ဘက်က ချို့တဲ့မှုများကို ထောက်ထားလေ့လာနိုင်ပေသည်။

ထိုအချက်သည် မျိုးချစ်တို့ အမြဲတစေ သတိထားနှလုံးသွင်းဆင်ခြင်ရန်လိုအပ်နေသော ရာဇဝင် သမိုင်းကပေးသော သင်ခန်းစာများပင် ဖြစ်ပေသည်။ ထို့ကြောင့် ယခုအချိန်တွင် နယ်ချဲ့

mgyoe.com

mgyoe.com SAMPLE BOOK



ပရိယာယ်၊ `သစ္စာဖောက်တို့၏ အန္တရာယ်နှင့် မြန်မာ့မျိုးချစ် ဇာတိမာန် ဖွဲ့သတ္တိတို့ကို မီးမောင်းထိုး၍ သတိပေးနှိုးဆော်ရန် အတ္ထုပ္ပတ္တိကို ရိုက်နှိပ်ထုတ်ဝေလိုက်ရပေသည်။

လှသမိန်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK






ဆုငွေ (၁၀၀ဝိ/-)ရရှိခဲ့သော
ဦးဘဖန် ရေးဆွဲသည့် မဟာဗန္ဓုလပုံ


mgyoe.com

ဂၠိုင်းနိုၚ်ဂၞးဍုဟ်ဍာန် ဂိုဏ်ကၠိုက်ဒၟံၚ်ဇ ံနဲယၟ (ပါ) လၟိက ဖ္ဒဲ ဗြဲဗၚ



mgyoe.com
mgyoe.com

mgyoe.com SAMPLE BOOK

မဟာဃန္တုလရုပ်လုံးကို ပထမဦးဆုံးအဆင့်အနေနှင့် ပြုလုပ်နေပုံ။ ထိုသို့ပြုလုပ်ရာ၌ မြေစေး၊ မြင်းချေးမှုန့်နှင့် ရေတို့ဖြင့်ပြီးသော ရုပ်လုံးပုံစံထက်တွင် ဖယောင်းတစ်ထပ်ကို သုတ်လိမ်း၍ တစ်ဖန် မြေနီစပါးခွံနှင့် မြင်းချေးတို့ကို ပေါင်းစပ်၍ တစ်ထပ်လိုက်ရပြန်လေသည်။ ဤပုံတွင် အလုပ်သမားက ဖယောင်းတစ်ထပ်ပေါ်မှ နောက်ထပ်လိုက်နေပုံဖြစ်သည်။ ထို့နောက် ရုပ်လုံးပုံစံကို အပူတိုက်ပေးလိုက်သောအခါ ဖယောင်းများမှာ ပျော်ကျ၍ သွန်းလောင်းထည့်ရမည့် ကြေးဆါရည်အတွက် နေရာဖြစ်ရှိနေပေလိမ့်မည်။

mgyoe.com

mgyoe.com
SAMPLE BOOK




မဟာဗန္ဓုလရုပ်လုံးမျက်နှာတွင် ဦးစောမောင်က အပြီးသတ်အချောကိုင်နေပုံ။
မဟာဗန္ဓုလနှင့် ၎င်း၏မြင်းကို သီးခြားစီ ပုံသွန်းသည်။

မဟာဗန္ဓုလ၏ ရုပ်လုံးအကြမ်းပုံ



mgyoe.com

.mgyoe.com
SAMPLE BOOK





မြန်မာပြည်အနောက်တောင်ပိုင်း လက်နက်ကိုင်တပ်များ၏ ဗိုလ်မှူးချုပ်
ကာနယ်(လ်) ကြီးမောင်က
၁၉၆၂ ခုနှစ် မတ်လ (၂၇) ရက်နေ့တွင် မဟာဗန္ဓုလရုပ်လုံးကို ဖွင့်လှစ်လေသည်။
ထိုဖွင့်လှစ်ပွဲသို့ ညှေပရိသတ်ပေါင်း (၅၀၀၀) ကျော်မျှ တက်ရောက်ကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK




ပန်းပုဆရာ ဦးစောမောင်နှင့် ဦးမြသောင်း ရုပ်လုံးကို သွန်းလောင်းပြီးနောက် ၎င်းမှ မညီမညာသော နေရာများကို ညှိပေးနေပုံ။



ပြီးမြောက် ပြီးသော ရုပ်လုံးကို ဓနုဖြူသို့ မြစ်ကြောင်းမှ ထုပ်ပိုး ယူဆောင် မသွားမီ တွေ့ရပုံ။

mgyoe.com

mgyoe.com SAMPLE BOOK






မဟာဗန္ဓုလ စစ်စခန်းချခဲ့ဖူးသော စကားတောင်ထိပ်ရှိ စေတီ၊
စစ်တွေခရိုင်၊ မြို့ဟောင်းမြို့တွင် တည်ရှိသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

မဟာဗန္ဓုလ စစ်စခန်းချခဲ့သောတောင်ကို ယခုတိုင် ဗန္ဓုလတောင်ဟု ခေါ်တွင်လျက်ရှိ၍၊
ထိုတောင်ပေါ်ရှိ ကျောင်းကိုလည်း ဗန္ဓုလကျောင်းဟုပင်
ယခုတိုင် ခေါ်တွင်လျက်ရှိသည်။
စစ်တွေခရိုင် မြို့ဟောင်းမြို့တွင် တည်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာနိုင်ငံသိမ်းပိုက်ရေးအစီအစဉ်ကို

စတင်အကောင်အထည်ဖော်ခဲ့ခြင်းကြောင့်

မခံမရပ်နိုင်သော မြန်မာတို့က

ပြန်လှန်တိုက်ခိုက်ရလေရာ

အင်္ဂလိပ်-မြန်မာစစ်ပွဲဟူ၍

သက္ကရာဇ် ၁၁၈၅ ခုနှစ် နတ်တော်လတွင်

ပထမအကြိမ် စတင်ပေါ်ပေါက် ဖြစ်ပွားခဲ့ရလေသည်။

စစ်သူကြီး သတိုးမဟာဗန္ဓုလကား

ထိုအင်္ဂလိပ်-မြန်မာစစ်ပွဲတွင်

ပွဲစမှ ပွဲဆုံးအထိ

သူ့ကျွန်မခံ တော်လှန်တိုက်ထုတ်ရေး

အရေးတော်ပုံကြီးတွင်

သတ္တိဖွဲ့မာန် ရင့်သန်တက်ကြွစွာ မြန်မာ့အစွမ်းပြခဲ့သော

ပုဂ္ဂိုလ်ကြီးတစ်ယောက်ပင် ဖြစ်ချေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သတိုးမဟာဗန္ဓုလသည်

မိမိအရည်အချင်းအလျောက်

နေမျိုးသူရရဲခေါင်ဘွဲ့နှင့်

ဒီပဲယင်းမြို့ဝန်အရာမှ မင်းကြီးမဟာဗန္ဓုလဘွဲ့နှင့်

အလုံမြို့ဝန်အရာ အဂ္ဂမဟာသေနာပတိဝန်ကြီးအရာ

သတိုးဘွဲ့များနှင့် စစ်တောင်းမြို့များကို

ဆက်ကာဆက်ကာ ရရှိသဖြင့်

သတိုးသုဓမ္မမဟာဗန္ဓုလဘွဲ့ဖြင့်

နောက်ဆုံး ဝင့်ထည်ဂုဏ်ယူနိုင်ခဲ့လေသည်။

သူ၏ဘွဲ့များသည် သူ၏ကြိုးပမ်းမှု

ပါရမီအစုအဆောင်းကို

ဖော်ပြနေပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မဟာဗန္ဓုလ၏ ဘဝနိဒါန်း

လူပုဂ္ဂိုလ်တစ်ဦး၏ အရည်အချင်းသည် နှလုံးရည်၊ လက်ရုံးရည်အားဖြင့် နှစ်ပါးရှိချေသည်။ လက်ရုံးစွမ်းပကားကို အသုံးပြုရာတွင် နှလုံးရည် ရှေ့ဆောင်မှသာ လိုရာပန်းတိုင်သို့ ရောက်ရှိနိုင်သဖြင့် သူရဲကောင်းဟူသမျှတွင် နှလုံးရည်၊ လက်ရုံးရည် နှစ်ပါးလုံးပြည့်စုံရန် လိုအပ်ပေသည်။ သို့တစေမူလည်း နှလုံးရည်သာသူမှာ နှလုံးရည်ဘက်တွင် ပိုမိုထင်ရှား၍၊ လက်ရုံးရည်သာသူမှာ လက်ရုံးရည်ဘက်တွင် ပိုမိုထင်ရှားကြသည်သာ ဖြစ်ချေသည်။

နှလုံးရည်၊ လက်ရုံးရည် နှစ်ပါးစုံ ထူးချွန်သည်ဆိုရာတွင် နှလုံးရည်အားဖြင့် အနုပညာ–ကဗျာဂီတ စသည့် ပညာရည်ကျွမ်းကျင်နှံ့စပ်ခြင်းကိုသာ သီးခြားရည်ညွှန်း ပြောဆိုလေ့ရှိကြသော်လည်း အမြော်အမြင် ကြီးမားမှု၊ သစ္စာရှိမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ချင့်ချိန်စဉ်းစားမှု၊ အတွေးအခေါ် ထက်မြက်မှု စသော ပါးနပ်ကျွမ်းကျင်မှု အရည်အချင်းမျိုးသည်လည်း နှလုံးရည်တွင် ထည့်သွင်းသတ်မှတ်သင့်ပေသည်။ ယင်းသို့ဆိုသော် မြန်မာ့သူရဲကောင်း အာဇာနည် သတိုးမဟာဗန္ဓုလသည်လည်း လက်ရုံးရည်၊ နှလုံးရည် နှစ်ပါးစုံ ထက်မြက်သူဟူ၍ ဖွဲ့ချီးတင်စားနိုင်

mgyoe.com

mgyoe.com

SAMPLE BOOK


ဖွယ်ရာ ရှိပေချေမည် မဟုတ်ပါလော။

ရာဇဝင် ကဏ္ဍကို အတိုချုံးရမည်ဆိုလျှင် ဗြိတိသျှ ကျွန်းသားများ ဖြစ်သော **'သိုးဆောင်း'** သို့မဟုတ် **'မျက်နှာဖြူ'** အမည်ခံ နယ်ချဲ့စနစ်ကို လက်သုံးပြုခဲ့သော အင်္ဂလိပ်တို့သည် ကမ္ဘာက ကြားကောင်းရုံမျှသော အကြောင်းအချက်ကို ဘန်းပြကာ မြန်မာနိုင်ငံ သိမ်းပိုက်ရေး အစီအစဉ်ကို စတင် အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် မခံမရပ်နိုင်သော မြန်မာတို့က ပြန်လှန်တိုက်ခိုက်ရလေရာ အင်္ဂလိပ်–မြန်မာ စစ်ပွဲဟူ၍ သက္ကရာဇ် ၁၁၈၅ ခုနှစ် နတ်တော်လတွင် ပထမအကြိမ် စတင်ပေါ်ပေါက် ဖြစ်ပွားခဲ့ရလေသည်။ စစ်သူကြီး သတိုးမဟာ ဗန္ဓုလကား ထိုအင်္ဂလိပ်–မြန်မာ စစ်ပွဲတွင် **ပွဲစမှ ပွဲဆုံးအထိ** သူ့ကျွန်မခံ တော်လှန်တိုက်ထုတ်ရေး အရေးတော်ပုံကြီးတွင် သတ္တိဖွဲ့မာန် ရင့်သန်တက်ကြွစွာ မြန်မာ့အစွမ်းပြခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ယောက်ပင် ဖြစ်ချေသည်။

## မျိုးရိုးဇာတိ

ဗန္ဓုလဟူ၍ ထင်ရှားလာမည့် သူရဲကောင်း အာဇာနည်လောင်း မောင်ရစ်ကား မြန်မာနိုင်ငံအထက်ပိုင်း ယခင်အောက်ချင်းတွင်းခရိုင်–ဗဒုံခေါ် အလုံနယ်–အထက်တိုက် အပါအဝင် ငပယင်းရွာတွင် နှမ်းခင်း စိုက်ပျိုးလုပ်ကိုင်ရရှာသော ယာသမားကြီး ဦးပေါက်တော–ဒေါ်မိငြိမ်တို့မှ ဖွားမြင်သော သားရတနာပင် ဖြစ်လေသည်။ (ထိုငပယင်းရွာမှာ ရွှေဘို မန္တလေး မီးရထားလမ်းရှိ ငပယင်း မီးရထားဘူတာမှ ခရီးတစ်တိုင်ကွာ ရွာကြီးတစ်ရွာဖြစ်၍ ဒီပဲယင်းခေါ် တပယင်း မီးရထားဘူတာနှင့် ၁၇ မိုင်ခန့် ဝေးကွာသည်။)

ယာသမားကြီး ဦးပေါက်တော၊ ဒေါ်မိငြိမ်တို့မှာ မိမိတို့သားငယ်အား မိဘများနှင့် အတူနေထိုင် လုပ်ကိုင်စားသောက်မည့် ယာသမား

mgyoe.com

mgyoe.com SAMPLE BOOK


အဆက်အနွယ်ကလေး တစ်ဦးအနေမှတစ်ပါး ထူးထူးခြားခြား စဉ်းစား တွေးထင်ခြင်း ရှိခဲ့ဟန်မတူပေ။ နောင်အခါ မြန်မာ့သူရဲကောင်း အာဇာနည်တစ်ဦး ဖြစ်မြောက်လာမည်ဟူ၍လည်း အိပ်မက်ပင် မက်ဟန် မတူချေ။ သို့ရာတွင် **"မင်းသားဖြစ်မည့်သူ–သျှောင်ကလေးနှင့်"** ဆိုသော စကားအတိုင်း မောင်ရစ်ကလေး၏ ကလေးဘဝ စိတ်နေသဘောထားနှင့် ပြောပုံဆိုပုံများကို တွေ့မြင်လာရသောအခါတွင်ကား **"တစ်မိပေါက် တစ်ယောက်ထွန်း"** ဟူသော စကားအတိုင်း တစ်နည်းတစ်ဖုံ ထူးခြားလာမည့် သားယောကျ်ားကလေး တစ်ယောက်ပေတကားဟု အားရတက်ကြွလျက် လာကြပေတော့သည်။

မောင်ရစ်ကို ဖွားသော သက္ကရာဇ်မှာ ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း တစ်ရက် ဗုဒ္ဓဟူးနေ့ဖြစ်၍ ထိုအချိန်တွင် ဘိုးတော်ဘုရားဟု နောင်အခါတွင်မည့် အမရပူရ ပထမမြို့တည် အောင်မြေလောကစေတီတော် ဒါယကာ ပဒုံမင်း (သီရိပဝရဝိဇယာနန္တယ သတြိဘုဝနာ ဒိတျာဓိပတိ ပဏ္ဍိတမဟာ ဓမ္မရာဇာဓိရာဇာ) နန်းတက်စ၊ ပထမနှစ်အတွင်း ဖြစ်လေသည်။ ဖွားစဉ်ကာလက အချင်းရစ်ပတ်လျက် ဖွားသောကြောင့် မြန်မာတို့ အနွတ္တသညာ–စွဲရာရာကို မှည့်ခေါ်နေကျအတိုင်း မောင်ရစ် ဟူ၍ပင် နာမည်ပေးခဲ့သည်ဟု ဆိုလေသည်။

မောင်ရစ်မှာ သားဦးဖြစ်၍လည်း အလိုလိုက်၍ အခွင့်အရေး ပေးထားသောကြောင့် အများအားဖြင့် သူ့ဆန္ဒရှိရာကို အချုပ်အချယ်မရှိဘဲ လုပ်ကိုင်ခွင့် ရရှိခဲ့လေသည်။ မောင်ရစ်၏ နောက်တွင်ကား ဦးပေါက်တော–ဒေါ်မိငြိမ်တို့မှ သား မောင်ဇေကိုလည်းကောင်း၊ သမီး မယ်ဒုတ်ကိုလည်းကောင်း၊ သားထွေး မောင်မြတ်နေကိုလည်းကောင်း ဆင့်ကာဆင့်ကာ ဖွားမြင်ခဲ့သဖြင့် မောင်ရစ်မှာ ညီအစ်ကို မောင်နှမလေးယောက် တစုတရုံးတည်း ကြီးပြင်းခဲ့ရလေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


မြန်မာတို့ အစဉ်အလာအရ ယာသမားမောင်နှံတို့သည် မောင်ရစ် ခုနစ်နှစ်သားအရွယ် ရောက်လျှင်ပင် နမောဗုဒ္ဓါယ သိဒ္ဓံ အ အာ ဣ ဤ အစချီသော ကမချမှစ၍ ဘုန်းတော်ကြီးကျောင်းတွင် စာပေသင် ကြားစေလေသည်။ လူပျိုပေါက်ကလေး ဖြစ်လာလျှင်လည်း ညီအစ်ကို နှစ်ယောက်တွဲကာ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းအတိုင်း ရှိစုမဲ့စု ငွေ ကြေးကလေးများနှင့်ပင် သာမဏေဘောင်သို့ သွတ်သွင်းပေးလေသည်။

## ရှင်လူထွက်ချိန်

တွင်းသင်းတိုက်ဝန်၊ ကင်းဝန်မင်းကြီး၊ စိန္တကျော်သူ၊ ဦးပုည စသော စာဆိုတော် ပညာရှိကြီးများသည် သာမဏေဘဝဖြင့်လည်းကောင်း၊ ရဟန်းဘဝဖြင့်လည်းကောင်း စာပေလေ့လာသင်ကြားရာမှ ထင်ရှား သော စာဆိုတော်ဘွဲ့ကိုလည်း ခံခဲ့ကြရပေသည်။ ကျော်အောင် စံထား ဆရာတော်၊ ထွတ်ခေါင်ဆရာတော်၊ အုတ်ကျောင်းဆရာတော်၊ ညောင် ကန်ဆရာတော်၊ မောင်းထောင်ဆရာတော် စသော ဆရာတော်ကြီးများ သည်လည်း သာမဏေဘဝမှ ပဥ္စင်းဘဝသို့ ကူးဝင်ကာ ကျမ်းတတ် ကျမ်းပြုအကျော် ဆရာတော်ကြီးများအဖြစ် ထင်ရှားပေါ်ထွက်ခဲ့ရပေ သည်။ သို့ရာတွင် သာမဏေကလေး မောင်ရစ်ကား စာဆိုတော်လည်း ဖြစ်မလာ၊ ဆရာတော် ဇာတာလည်းမပါဟု ဆိုရတော့မည်ကဲ့သို့ ကျောင်း မှထွက်ရန်အကြောင်း ပေါ်ပေါက်လာရပြန်လေသည်။

ထိုအကြောင်းကား ဖခင်ကြီး ဦးပေါက်တောာ မကျန်းမာခြင်းကြောင့် မိခင်ကြီးကို ပြုစုရန် အဖော်လိုနေခြင်းပင် ဖြစ်လေသည်။ အားကိုးအား ထားရပြီဖြစ်သော သားကြီးသြရသမောင်ရစ် အိမ်သို့ပြန်လာသည့် အတွက်လည်း မိခင် ဒေါ်မိငြိမ်မှာ အားတက်ဝမ်းသာ ဖြစ်ရလေသည်။ သို့ရာတွင် ဖခင်ကြီး ဦးပေါက်တောမှာ ချစ်စွာသော သားသမီးနှင့် နှမ်း

mgyoe.com

mgyoe.com SAMPLE BOOK


ခင်းကြီးကိုပါ စွန့်ခွာ ကွယ်လွန်ရှာပြန်သဖြင့် မောင်ရစ်အဖို့ မုဆိုးမသားမျက်နှာငယ် ဖသက်ဆိုးဘဝနှင့် မိခင်ကြီးကို လုပ်ကျွေးပြုစုရန် တာဝန်ကြီးကို ထမ်းပိုးလိုက်ရတော့သဖြင့် ပညာဆက်လက် သင်ကြားရေးလမ်းခရီးမှာ အပိတ်အဆီး ကြုံရလေတော့၏။

**"အစ်ကိုကြီးလျှင်–အဖအရာ"** ဟူသော စကားအတိုင်း ဒေါ်မိငြိမ်တို့၏ အိမ်သားစုကို မောင်ရစ်ပင်လျှင် ရှေ့ဆောင် ထိန်းသိမ်း၍ လုပ်ကျွေးပြုစုခဲ့လေရာ၊ အခြေအနေမပျက် နေထိုင်ကြရလေသည်။ ရပ်ထဲတွင်ကား မောင်ရစ်သည် လူစွာ လူတွင်ကျယ်အဖြစ်ဖြင့် ရွံ့ကြောက်ရသော သူငယ်ကလေးတစ်ဦး ဖြစ်နေလေသည်။ စင်စစ်သော်ကား မဟုတ်မခံ၊ မမှန်သည်ကို မကြည့်လိုသော မောင်ရစ်၏ ဉာဉ်မှာ မကောင်းသည်ကိုမြင်တိုင်း နှိပ်ကွပ်ဆုံးမတတ်သဖြင့်သာလျှင် သူ့အား ကြောက်ရွံ့ကြခြင်းဖြစ်၍ သူတစ်ပါးကို လက်ရုံးအားကိုး စော်ကားမော်ကား ပြုလေ့ရှိသူ မဟုတ်ပေ။

မောင်ရစ်သည် ကျေးရွာ၌ နေထိုင်ရင်းပင် ယောကျ်ားတို့ တတ်အပ်သော လက်ဝှေ့ထိုး၊ မြင်းစီးအတတ်များကိုလည်း အခွင့်ကြုံသလို ခုံခုံမင်မင် လေ့လာသင်ကြားလေသည်။ သူငယ်ဖော်ချင်း ကစားခုန်စားရာတွင်လည်း ထက်မြက်သောစွမ်းရည်ကို ဖော်ပြသည့် အပြေးအခုန်၊ အသတ်အပုတ်၊ အတိုက်အခိုက်တို့ကိုသာပင် အရေးထား၍ ကစားလေ့ရှိလေသည်။ **"ကောင်းသူကိုထိပ်၊ ဆိုးသူနှိပ်"** ဆိုသည့် စကားအတိုင်းပင် ရိုးဖြောင့်လိမ္မာသူတို့အပေါ်၌ ကြင်နာစွာ ဆက်ဆံ၍ နိုင်လိုမင်းထက် နှိပ်စက်တတ်သော သူများကိုမူ နှိမ်နင်းပေးတတ်သဖြင့် လူငယ်တိုင်းကလည်း မောင်ရစ်အပေါ်တွင် ခင်မင်လေးစားလာကြလေသည်။

သို့နှင့်ပင် မောင်ရစ်သည် လူပျိုကြီးဖားဖား ကြီးမြောက်အရွယ်ရောက်လေရာ ဃရာဝါသ၊ လူ့လောကဘောင်၌ အိမ်ထောင်သက်မွေး၊

mgyoe.com

mgyoe.com SAMPLE BOOK


အရေးတစ်ခု ဖြစ်လာသည်နှင့် ရှင်မင်ဘူး အမည်ရှိ အမျိုးသမီးတစ်ဦးနှင့် ပုဆိုးတန်းတင်၊ အကြင်လင်မယားအဖြစ်ဖြင့် ပေါင်းသင်းလက်ထပ်လေရာ ကာလအတန်ကြာသော် သား မောင်ကျန်းကြီးတစ်ယောက် ထွန်းကားလေသည်။

## နန်းရှင်ပြင်သို့

မောင်ရစ်သည် မိခင်အိုကြီး၊ ညီငယ် နှမငယ်များအပြင် ချစ်ဇနီးပါ တိုးလာသဖြင့် ယာခင်းကလေးကို ထွန်ယက်စိုက်ပျိုးရုံနှင့် ဝဝလှလှ မနေနိုင်တော့သဖြင့် အိမ်ထောင်စီးပွားရေးအတွက် တစ်ဖက်တစ်လမ်း အကြံထုတ်ရလေသည်။ ထိုအကြံကား အခြားမဟုတ်ပေ။ ထိုခေတ် ထိုကာလတွင် ယာသမားထက်သာသည့် ရာထူး ရာခံနှင့် မတောင့်မတ နေနိုင်သော ဘဝမျိုးကိုသာ လှမ်းမျှော်ရှုမြင်နိုင်ပေရာ အရာအထူးရရန် မှာ အမှီအကဲတစ်ခုခု ရှိဦးမှ ဖြစ်တော့မည်ဟူသော အသိဉာဏ်သည် မောင်ရစ်ခေါင်းထဲသို့ ဝင်လာလေသည်။ မင်းရေးမင်းခွင်တွင် ခံစားခွင့် ရရန် အရေးသည်ကား လွယ်ကူသောအလုပ် မဟုတ်ပေ။

ဘုရင်ဇကရာဇ်တို့၏ ရှေ့တော်မှောက်တွင် လက်ဖက်ရည်တော်၊ ဖိနပ်တော်ခင်း၊ အိပ်ဖန်စောင့်၊ လက်စွဲတော်၊ လက်ဆောင်ယူမှူးစသော ရာထူးမျိုးကို ထားဘိဦး။ အိမ်ရှေ့မင်းထံတွင် အစွန်အပါးမှ ခံစားခွင့် ရရှိရန်ပင်လျှင် လွယ်ကူလှသည် မဟုတ်ချေ။ ကံကောင်းသော မောင်ရစ် အဖို့တွင်ကား အမရပူရမြို့တော်၌ အိမ်ရှေ့မင်းထံ ခစားထမ်းရွက်ရသော တံခါးမှူးမှာ မိမိ၏ အဘိုးတော်စပ်နေသဖြင့် မောင်ရစ်သည် အားကိုး တစ်ခုနှင့်ပင် အဘိုးရှိရာ အမရပူရမြို့သို့ **"တစ်ရွာမပြောင်း သူကောင်း မဖြစ်"** သဘောထားကာ ထွက်ခွာချည်းကပ်ရလေတော့၏။ အဘိုးဖြစ်သူ မှာလည်း သွက်လက် ဖျတ်လတ်၍ လူ့ရည်လူကဲရှိသော မောင်ရစ်အား

mgyoe.com

mgyoe.com SAMPLE BOOK


အိမ်ရှေ့မင်း မျက်နှာတော်သာခိုက်တွင် တင်လျှောက်ကူညီပေးသဖြင့် မောင်ရစ်သည် အိမ်ရှေ့အိမ်တော်တွင် သာမန်အစေအပါး အမှုထမ်း အဖြစ် ထမ်းဆောင်ခွင့် ရလေတော့သည်။

မောင်ရစ်သည် မိမိအရည်အသွေးအရ နှမ်းခင်းမှ အိမ်ရှေ့အိမ်တော် တွင် ခစားထမ်းရွက်ရသည်ကို ဝမ်းသာမဆုံး ရှိလေသည်။ သူ့အဖို့ သူရည်မှန်းရာ ပန်းတိုင်အတွက် တစ်ထစ်ခြေချခွင့် ရလေပြီ ဟူ၍လည်း ကျေနပ်မိပေသည်။ သူ့အဖို့ ရာထူးအနိမ့်အမြင့်မှာ ပဓာနမဟုတ်၊ တိုင်း ပြည်အကျိုးအတွက် အစွမ်းသတ္တိ ပြနိုင်ခွင့်ကြုံလာလျှင်ပင် ကျေနပ်နေ သူဖြစ်လေသည်။

မောင်ရစ်၏ သခင် အိမ်ရှေ့မင်း သီရိမဟာ ဓမ္မာဘိဇယ သီဟသူရ မှာ တစ်နေ့သောအခါတွင် ထီးနန်းနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ရမည့် ဘုရင်လောင်းပင်လျှင်ဖြစ်ရာ အိမ်တော်ပါ အမှုထမ်းအဖြစ် မျက်နှာပန်း ပွင့်ဦးမည့် အခွင့်ကိုလည်း မောင်ရစ်သည် ကောင်းစွာ နားလည်ထားလေ သည်။ အိမ်တော်တွင် ထမ်းရွက်ရခိုက် မိမိအထက် မှုထမ်းရာထမ်းတို့ နှင့်လည်း အလိုက်အလျော သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံတတ် သဖြင့် မောင်ရစ်ကို အိမ်တော်သားတိုင်းက ခင်မင်နေလေသည်။

မောင်ရစ်သည် တာဝန်ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်တတ် သူဖြစ်ရာ အစွမ်းအစရှိသူကို ချီးမြှောက်ရန် သတိပြု အမှတ်ထားလေ့ရှိ သည့် အိမ်ရှေ့မင်းမှာ မောင်ရစ်အပေါ်တွင် အစစ ကျေနပ်သဘောကျနေ လေသည်။ ထို့ကြောင့်လည်း မောင်ရစ်အား ကိုယ်ရံတော်အဖြစ် စမ်းသပ် ခန့်ထားကြည့်လေသည်။ မောင်ရစ်၏ရာထူးမှာ အိမ်ရှေ့မင်း၏ အားကိုး အားထား ရာထူးမျိုးဖြစ်ရာ၊ အခွင့်အာဏာ ကြီးမားလှသည် မဟုတ် သော်လည်း အိမ်ရှေ့မင်း ကိုယ်တော်တိုင် ယုံမှတ်လွဲအပ်ခြင်း ခံရသဖြင့် အိမ်ရှေ့မင်း၏ ဘုန်းတန်ခိုး အရှိန်အဝါနှင့်ပင် အိမ်တော်တွင် များစွာ

mgyoe.com

mgyoe.com SAMPLE BOOK


တွင်ကျယ် ဩဇာကြီးမားလာလေသည်။ လူ့ရည်လူသွေးကလည်း နဂိုကပင် ထက်မြက်လှသည်ဖြစ်ရာ ရောက်ရှိသော နေရာ အလျောက် တာဝန်ကို ကျေပွန်အောင်လည်း ဆောင်ရွက်တတ်သဖြင့် အိမ်ရှေ့မင်း၏ မျက်နှာသာကိုလည်း ရရှိလေသည်။

မောင်ရစ်သည် မိမိမမျှော်လင့်ဘဲလျက် လက်ရုံးရည်ဖြင့် ကြီးပွားရမည့် အခြေအနေသို့ ဆိုက်ရောက်လာသောအခါ ရှေးရှေးက တတ်မြောက်ခဲ့သည့် အထိုးအသတ်၊ မြင်းစီးမြင်းနင် အတတ်များအပြင် သေနင်္ဂဗျူဟာ စစ်ရေးစစ်ရာတို့တွင် အသုံးဝင်မည့် ဓားခုတ် လှံထိုးစသော ပညာရပ်များကိုလည်း တိုးတက်ဆည်းပူးလေတော့သည်။

မောင်ရစ်အဖို့ ထိုသို့ ကြိုးစားလေ့လာဆဲမှာပင် မိမိသခင် အိမ်ရှေ့မင်းမှာ သက္ကရာဇ် ၁၁၇၀ ပြည့်နှစ် တန်ခူးလဆန်း ၁၄ ရက်နေ့တွင် ကံကုန်တော်မူသဖြင့် ဘိုးတော်မင်းတရားသည် မြေးတော် စစ်ကိုင်းမင်းသားအား အိမ်ရှေ့အမွေကို ပေးအပ်သည်နှင့် မောင်ရစ်သည် သခင်သစ်ထံတွင် ထမ်းရွက်မြဲရာထူး၌ ထမ်းရွက်ရပြန်လေသည်။

ထိုသို့ ထမ်းရွက်လာရာတွင် များပြားလှသော အိမ်တော်အမှုထမ်းများအနက် မောင်ရစ်မှာ ထူးထူးခြားခြား အရေးပေး မြှောက်စားခြင်း မခံရဘဲရှိလေရာ တစ်နေ့သော် မိမိအစွမ်းကို မသိလျှင်လည်း မိမိအမည်ကို အိမ်ရှေ့သခင် သိစေတော့ဟု အရဲစွန့်၍ အစွမ်းပြရန် ကြံမိလေသည်။ မောင်ရစ် အစွမ်းပြပုံမှာကား – အိမ်ရှေ့မင်းသည် ဘိုးတော် မင်းတရားကြီးနှင့်အတူ မင်းကွန်းတစ်ဖက် ယာယီစံနန်းတွင် နန်းတွင်း စံမြန်းတော်မူစဉ် မိမိနှင့် အမှုထမ်းဖက် နန္ဒဗလကို အကြောင်းမဲ့ထ၍ ထောင်းခြင်းပင် ဖြစ်လေသည်။ ရှေ့တော်မှောက်တွင် မလေးမခန့်ပြုမူသော ရာဇဝတ်အပြစ်ဒဏ်မှာ သေဒဏ်ပင်လျှင် ဖြစ်နိုင်သောခေတ်တွင် မောင်ရစ်၏ စွန့်စားပုံမှာ အသက်နှင့်အမျှပင် တန်ဖိုးကြီးလှလေသည်။ အိမ်ရှေ့မင်း

mgyoe.com

mgyoe.com SAMPLE BOOK


လည်း မောင်ရစ်ကို ခေါ်ယူစစ်ဆေးသောအခါ ထောင်းသည်မှာ အကြောင်းမရှိ၊ မိမိအား အိမ်ရှေ့သခင်က တစ်ကြိမ်တစ်ခါမျှပင် ခေါ်တော်မမူသဖြင့် အိမ်ရှေ့သခင် ရှေ့တော်မှောက်သို့ ဝင်ခွင့်ရလျှင် သေလိုက သေစေဟု စွန့်စားလွန်ကျူးမိကြောင်း သံတော်ဦးတင်ချက် ရရှိလေတော့သည်။ မောင်ရစ်၏ စေတနာရင်းတွင် ကျိုးနွံသော စိတ်ဓာတ်နှင့် ရဲစွမ်းပြလိုသော သူရသတ္တိ အခြေခံပါဝင်သည်ဖြစ်ရာ အိမ်ရှေ့မင်းလည်း ရာဇဝတ်တော် ကင်းလွတ်ခွင့်ပြုရ၍ ထမ်းရွက်မြဲ ထမ်းရွက်စေလေသည်။

## ပြဲတိုက်သံဆင့်

ထိုသို့ အစွမ်းပြပုံကို အိမ်ရှေ့မင်း လျှောက်တင်ချက်အရ ဘိုးတော်မင်းတရားကြီး သိတော်မူလေလျှင် သတ္တိရှိသူအား မြတ်နိုးတော်မူသည့်အတိုင်း ပြဲတိုက်သံဆင့်အရာသို့ပင် ရာထူးပေးလိုက်ပြန်လေသည်။ မောင်ရစ်၏ ရှုပ်ရှုပ်ချွံချွံ စွန့်စွန့်စားစား အစွမ်းပြပုံမှာ အသက်သေခံ၍ပင် ပြခဲ့ရသဖြင့် **"သေမြေကြီး ရှင်ရွှေထီး"** ဟူသော စကားအတိုင်း အသက်မသေဘဲ ရွှေနန်းတော်ကြီးတွင် ခစားခိုလှုံခွင့်ပင် ရရှိခဲ့လေသည်။ မောင်ရစ်ရာထူး တက်လာသောအခါ မောင်ရစ်၏ဇနီးနှင့် နှမတို့မှာ အားရဝမ်းသာကြမည်ကား မလွဲပေ။

## တပယင်းမြို့ဝန်

အရည်အချင်းကို ထင်ရှားအောင်ပြသလိုသော စိတ်ဓာတ်ရှိသူတစ်ဦးသည် ကျရာတာဝန်ကို အားသွန်ကြိုးပမ်း၍ ကျေပွန်အောင် ထမ်းဆောင်လေ့ရှိရာ မောင်ရစ်သည် တာဝန်ကျေပွန်လှသဖြင့် သက္ကရာဇ် ၁၁၇၅ ခုနှစ်တွင် နေမျိုးသူရ ရဲခေါင်ဘွဲ့နှင့် တပယင်း မြို့ဝန်အရာကို ချီးမြှင့်လေသည်။ **"ကျွန်သတိုး၊ သားနေမျိုး"** ဟူ၍ ဘုရင်များသည် မင်းညီ

mgyoe.com

mgyoe.com SAMPLE BOOK


မင်းသားထဲမှ ထူးချွန်သူကို **နေမျိုး** ဟူ၍လည်းကောင်း၊ ကျွန်ရင်းထဲမှ ထူးချွန်သူကို **သတိုး** ဟူ၍လည်းကောင်း ဘွဲ့ပေးအပ်မြဲ ဖြစ်ပေရာ မောင်ရစ်သည် ထိုက်တန်သော ဘွဲ့ကို ရရှိခဲ့ပေသည်။

မဏိပူရပြည်အရေး (၁၁၇၅)

နေမျိုးသူရ ရဲခေါင်သည် ဘွဲ့အမည်အရည်ရပြီး နောက်မကြာမီပင် လက်ရုံးရည် အစွမ်းပြရန်အကြောင်း ပေါ်ပေါက်လာလေတော့သည်။ ပေါ်လာပုံကား ဤသို့တည်း။

မဏိပူရကသည်းပြည်သည် မြန်မာမင်း၏ သြဇာခံစော်ဘွား အုပ်ချုပ်သည့် နယ်တစ်နယ်ဖြစ်လေရာ စော်ဘွားကြီး ဇေယရှိန် (Jay Singh) ကွယ်လွန်သည်တွင် သားတော် မဟာရာဇာနှင့် ရူပရာဇာတို့ ထီးမွေလုကာ မသင့်မတင့် ဖြစ်ကြလေသည်နှင့် မြန်မာမင်းက ကွပ်ကဲထိန်းသိမ်းရန် တာဝန်ကျရောက်လာလေသည်။

ရူပရာဇာ (Marjit Singh) သည် မြန်မာမင်း၏ သြဇာခံအဖြစ် ခိုလှုံမှသာ နိုင်ငံအေးချမ်းသာယာမည်ကို မြင်သဖြင့် မိမိနှောင်တော်အား သမီးကညာဆက်သစေရန် တိုက်တွန်းလေသည်။ နှောင်တော်တွင် သမီးမထွန်းကားသဖြင့် မိမိသမီးကို ဆက်သမည်ဟု ညီတော် ရူပရာဇာက တိုင်ပင်လေသည်။ သို့ရာတွင် မဟာရာဇာနှင့် မှူးမတ်အချို့က မနှစ်သက်သဖြင့် ဘထွေးတော်သမီးကို ဆက်သမည်ဟု တိုင်ပင်ကြ၍ ကျိဝန်ကေရုံပ၊ ကင်းဝန်ကုမ္မာတို့ကို စေလွှတ်လေသည်။ ထိုအခါ ညီတော် ရူပရာဇာသည် စိတ်ဝမ်းကွဲပြား၍ မိမိသမီးကို မိမိကိုယ်တိုင် သွား၍ ဆက်မည်ဟု မဏိပူရမှ ထွက်ခွာလာကာ နတ်ကျွန်းအောင်မြေ ကင်းမှ တစ်ဆင့် မင်းတရားကြီးထံ အမတ်ငဖြူကို စေလွှတ်လျှောက်ထားစေလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


မဟာရာဇာ၏ အမတ်ကေရုံပနှင့် ကုမ္ဗာတို့နှင့် အမတ်ငဖြူတို့ အစုံအညီပင် မင်းတရားကြီးရှေ့တော်သို့ တစ်ပြိုင်တည်း ရောက်ကြလေသော် မင်းတရားကြီးက မဏိပူရမြို့တွင် စော်ဘွားသားညီနောင်တို့ မသင့်မတင့် မဖြစ်သင့်ကြောင်း မိန့်ကြား၍ ညီနောင်နှစ်ဦး၊ တစ်ဦးကိုတစ်ဦး မစကာ တိုင်ပင်ညီညွတ်ကြပြီးမှ သမီးကညာ ဆက်သလိုက ဆက်သစေဟု အမိန့်တော်ရှိ၍ မဏိပူရသို့ ပြန်စေလေသည်။ ထိုအခါ ဇူပရာဇာသည် မိမိသမီးတော်ကို နတ်ကျွန်းအောင်မြေကင်း တပ်တော်တွင်ထားပြီး မိမိမူ ချင်းတွင်းမြစ် အနောက်ဘက် တမူးအရပ်မှနေ၍ ပန်းသာရွာ၊ အောက်တောင်ရွာ၊ မင်သာရွာ၊ ကျွန်ထောင်ရွာ၊ စောနဲရွာ၊ အနန်းရွာ စသော အစွန်အဖျား ကျေးရွာများကို သိမ်းယူ၍ လူသူစုဆောင်းကာ မဏိပူရမြို့သို့ ချီတက်လေသည်။

## ညီနောင်ချင်းချင်း စစ်ပွဲခင်းခြင်း

မဟာရာဇာကလည်း ညီတော်ထွက်သွားကတည်းက အရေးအခင်း မျှော်၍ ကင်းစခန်းထောက်များ ချထားလေရာ ဇူပရာဇာ ချီလာလေသော် ၎င်းတပ်များကို တိုက်ခိုက်ကြ၍ မဏိပူရမြို့အထိ တစ်ဟုန်တည်း တိုက်ခိုက်ဝင်ရောက်လေသော် နောင်တော်လည်း ပလီခင်းဈေးကုန်းသို့ ဆုတ်ခွာနေရလေသည်။ ဇူပရာဇာသည် ဟော်ကို မီးရှို့၍ နောင်တော်အား လိုက်လံရာ နောင်တော်က အင်ကြီးအားကြီးနှင့် ပြန်လှန်တိုက်ခိုက်သဖြင့် တမူးသို့ တိမ်းရှောင်ရလေသည်။

နေပြည်တော်မှ စေလွှတ်သော သာလှဝေသော်၏ တပ်လည်း ဇူပရာဇာထံသို့ အလျင်အမြန် လိုက်၍ ညီနောင်နှစ်ပါး သင့်တင့်အောင် နေရမည့်အကြောင်း အမိန့်တော်ပြန်ကြားနေစဉ် မဟာရာဇာ၏ တပ်များ ရောက်လာ၍ သာလှဝေသော်၏ တပ်က ညီနောင်နှစ်ပါး သင့်တင့်စွာ

mgyoe.com

mgyoe.com SAMPLE BOOK



နေရမည့် အမိန့်တော်ကို ပြန်ကြားကာ မဟာရာဇာ၏ တပ်များကို မဏိပူရသို့ ပြန်စေလျက် ညီနောင်နှစ်ပါးကို စေ့စပ်ပေးလေသည်။ သို့ရာတွင် ရူပရာဇာက မိမိ၌ အပြစ်ရှိသည်ဖြစ်၍ မဏိပူရမြို့တော်သို့ မပြန်ဝံ့ကြောင်း ပြောဆိုသဖြင့် သာလှဝေသော်တို့တပ်သည် မဟာရာဇာနှင့်တွေ့ဆုံ အမိန့်ပြန်ကြားရန် မဏိပူရမြို့သို့ ဆက်လက်ချီတက်၍ အမိန့်တော် ပြန်ကြားလေသည်။ မဟာရာဇာလည်း အမိန့်ကိုနာခံ၍ နမတော်ကို ဆက်သရန် လက်ဆောင်တော်များနှင့်အတူ သာလှဝေသော်တို့တပ်၌ ထည့်လိုက်လေသည်။

## စေ့စပ်ပွဲ

သာလှဝေသော်တို့တပ်ကလည်း ၁၁၆၈ ခုနှစ် တန်ခူးလဆန်း သုံးရက်နေ့တွင် မဏိပူရမြို့က ထွက်၍ စန္ဒာမြစ်ဆိပ်မှ ချင်းတွင်းမြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့ရာ ၁၁၆၉ ခုနှစ် ကဆုန်လဆန်း ငါးရက်နေ့တွင် နေပြည်တော်သို့ ရောက်ရှိ၍ မဏိပူရမင်းသမီးကို ဆက်သလေသည်။ မင်းတရားကြီးကလည်း ရူပရာဇာအား နောင်တော်ကို ရိုသေထမ်းရွက်စေဟု အဖြေအကျေ စေ့စပ်သွန်သင်၍ လက်ဆောင်ပဏ္ဏာများနှင့်တကွ နယုန်လဆန်း သုံးရက်နေ့တွင် မဏိပူရမြို့သို့ လိုက်ပို့စေလေသည်။

## ညီတော်အကောက်ကြံခြင်း

ယင်းသို့အားဖြင့် မဏိပူရမင်းသား ညီနောင်တို့ သင့်မြတ်ခဲ့ပြီးနောက် သုံးနှစ်ကျော်လွန်ခဲ့ပြီး ၁၁၇၂ ခုနှစ်သို့ ရောက်သောအခါ ချင်းတောင်တွင် မငြိမ်မသက်ရှိသဖြင့် မဏိပူရမဟာရာဇာသည် ဝင်းမှူးနဟာရမ္မ၊ ဗိုလ်အခွန်ငပတို့ကို လူ ၂၀၀၀ ကျော်နှင့် စေလွှတ်ရာတွင် ညီတော်

mgyoe.com

mgyoe.com SAMPLE BOOK


ရူပရာဇာကလည်း လိုက်ပါနိုင်မည်မဟုတ်ကြောင်း ခွင့်တောင်းသဖြင့် လိုက်ပါ ခွင့်ပြုလိုက်ရလေသည်။ ထိုအခါ ညီတော်သည် အကောက်ကြံ၍ စစ် ဗိုလ်မှူးများနှင့် တိုင်ပင်ညီညွတ်ကာ မဏိပူရမြို့တော်ကို တိုက်ခိုက် ရန် စီစဉ်လေသည်။ နောင်တော် မဟာရာဇာ သိရှိ၍ လူစုရုံးပြီး ခုခံ တိုက်ဖျက်ရာ ရူပရာဇာအရေးနိမ့်၍ ရခိုင် ဓညဝတီသို့ ခိုဝင်ရလေသည်။ ရခိုင်မြို့ဝန်လည်း ရူပရာဇာအား ဖမ်းယူ၍ မြန်မာမင်းထံသို့ ဆက်လေ သည်။ ရူပရာဇာလည်း မြန်မာမင်းထံတွင် ခစားနေလေသည်။

## မယုံသင်္ကာမှု

၁၁၇၃ ခုနှစ်သို့ ရောက်သောအခါ မြန်မာမင်းသည် မဏိပူရ မင်းသားများ၏ အရေးကို စဉ်းစားတော်မူ၍ ညီနောင်နှစ်ပါးကို စေ့စပ် ပေးရန် နောင်တော် မဟာရာဇာအား နေပြည်တော်သို့ အခေါ်လွှတ်လေ သည်။ ထိုအခါ မဟာရာဇာသည် ညီတော် ရူပရာဇာ မြန်မာမင်းထံ၌ ခစားသည်မှာ ကြာပြီဖြစ်၍ တစ်ဖက်စကားဝင်ပြီး ဖြစ်အံ့သည်။ ငါ့အား ခေါ်ယူသည်မှာ ဖမ်းဆီး၍ ညီတော်အား နန်းတင်ရန် ဖြစ်လိမ့်မည်ဟု အတွေးမှား၍ ခေါ်ယူရာ မလိုက်ပါဘဲ အက္ကပတ်မြို့မှ စစ်ကူတောင်း၍ လမ်းပေါက်လမ်းဝများကို ဆို့ပိတ်ကာ မြို့ပြကျုံးမြောင်း ပြင်ဆင်၍ အခိုင်အမာနေလေသည်။

## မြန်မာတပ် ချီတက်ရခြင်း

ထိုအကြောင်းကို မြန်မာမင်းသိလျှင် မဏိပူရမြို့ကို သိမ်းယူ၍ ရူပရာဇာကိုပင် နန်းတင်ခဲ့ရန် စစ်သည်တပ်သားများကို စေလွှတ်လေ သည်။ ထိုတပ်များတွင် မဟာဗန္ဓုလ ဖြစ်လာမည့် တပယင်းမြို့ဝန် နေမျိုးသူရ ရဲခေါင်၏တပ်လည်း ပါဝင်ရာ လက်ရုံးရည်အားဖြင့် အစွမ်း

mgyoe.com

mgyoe.com
SAMPLE BOOK


ပြခွင့်ရလေတော့သည်။

မြန်မာတို့ဘက်မှ ချီတက်လာသော တပ်များမှာ…

– အလုံမြို့ဝန် သီရိဓမ္မာသောကတစ်တပ်၊

– တပယင်းမြို့ဝန် နေမျိုးသူရ ရဲခေါင်တစ်တပ်၊

– မြေထူးမြို့ဝန် ရဲလှပျံချီတော်တစ်တပ်၊

– မင်းကင်းမြို့ဝန် ရဲခေါင်ကျော်စွာတစ်တပ်၊

– ဝန်းသိုမြို့ဝန် ရဲခေါင်နော်ရထာတစ်တပ်၊

– ကန္နီမြို့ဝန် နေမျိုးသီဟ ရဲခေါင်တစ်တပ်၊

– ပုခန်းမြို့ဝန် ရဲထင်နော်ရထာတစ်တပ်၊

– ဗန့်ချီတိုက်ဝန် ရဲကျော်နော်ရထာတစ်တပ်၊

– ကလေးမြို့ဝန်တစ်တပ်၊

– တိန်ညင်းမြို့ဝန် ရဲလှရဲခေါင်ကျော်တစ်တပ်၊

– အင်တောက်သာမြို့ဝန် နန္ဒိသေနကျော်ထင်တစ်တပ်၊

– အမြင့်မြို့ဝန် ရဲထင်ကျော်စွာတစ်တပ်၊

– သောင်သွပ်စော်ဘွား စော်မာန်ငါးတစ်တပ်၊

– တောင်တွင်းချောင်မြို့သူကြီးတစ်တပ်၊

– အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယျသူတစ်တပ်၊

– ကျီဝန်နေမျိုးကျော်သူတစ်တပ်၊

– မြေတိုင်းအမတ် ကျော်ထင်နန္ဒမိတ်တစ်တပ်၊

– လမိုင်းဝန်တစ်တပ်၊

– မောက်ကတော်ဝန်တစ်တပ်၊

– ဗိုလ်ချုပ်အတွင်းဝန် နေမျိုးမဟာမင်းလှနော်ရထာ တစ်တပ်၊ အစုစုတပ်ပေါင်း ၂၀ ချီတက်ရာ မြင်း ၁၅၀၀၊ စစ်သည်သူရဲ ၂၀၀၀၀ ပါဝင်၍ အိမ်ရှေ့ဝန် နေမျိုးရာဇသူ၊ ဝန်ထောက်နေမျိုးနော်ရထာ စည်သူ

mgyoe.com

mgyoe.com SAMPLE BOOK


တို့ကို စစ်ကဲအဖြစ်လည်းကောင်း၊ အတွင်းဝန် နေမျိုးမင်းလှမဟာနော်ရထာကို အချုပ်အဖြစ်လည်းကောင်း ခန့်အပ်၍ ၁၁၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်နေ့၌ နေပြည်တော်မှ ထွက်ချီလေသည်။

မဏိပူရမဟာရာဇာလည်း တပ်များ ချီလာကြောင်းကို သိရှိရလေလျှင် သားမယားများကို အက္ကပတ်မြို့သို့ ပို့ထား၍ စစ်တက်လမ်းဟူသမျှကို ဆို့ပိတ်ထားလေသည်။ မဏိပူရမြို့မှ ခရီးတစ်သောင်းကွာကက်စိန် အရပ်တွင် မြေကတုတ်ခံတပ်ကြီးများ ပြုလုပ်ဆီးဆို့ထားစေလေသည်။

မြန်မာတပ်များလည်း နတ်ကျွန်းအောင်မြေသို့ရောက်လျှင်...

– အလုံမြို့ဝန် သီရိဇမ္ဗူသောကတစ်တပ်၊

– ကျီဝန်နေမျိုးကျော်သူတစ်တပ်၊

– မမိုင်းဝန်တစ်တပ်၊

– သောင်သွပ်စော်ဘွား စော်မာန်ငါးတစ်တပ်၊

– ပေါင်းလေးတပ်ကို ချင်းတွင်းမြစ်–စန္ဒာရွှေညောင်ပင် ဟသ်ာဆိပ်က ကူးစေ၍ မလိန်ခွေးပူကြောင်း ချီတက်စေလေသည်။

– ဗိုလ်ချုပ်မဟာမင်းလှနော်ရထာမှူကား တပယင်းမြို့ဝန် နေမျိုးသူရရဲခေါင် (ဗန္ဓုလ)

– ပုခန်းကြီးမြို့ဝန် ရဲထင်နော်ရထာ၊

– ပန်းချီထိုက်ဝန် ရဲကျော်နော်ရထာ၊

– ကလေးမြို့ဝန်၊

– တိန်ညင်းမြို့ဝန် ရဲလှရဲခေါင်ကျော်၊

– အင်တောကက်သာမြို့ဝန် နန္ဒိသေနကျော်ထင်၊

– အမြင့်မြို့ဝန် ရဲထင်ကျော်စွာ၊

– တောင်တွင်းချောင်းမြို့သူကြီး၊

mgyoe.com

mgyoe.com SAMPLE BOOK



– မောက်ကတော်မြို့ဝန်၊

– မြေတိုင်းအမတ်ကျော်ထင်နန္ဒမိတ်၊

– အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယျာသူရ တို့ ၁၆ တပ်ကို နတ်ကျွန်းအောင်မြေဆိပ်မှ ကူးစေ၍ တမူး၊ ပန်းသာကြောင်း ချီတက်လေသည်။

တပ်တော်များ တမူးမြို့သို့ ဆိုက်ရောက်လျှင်...

– တပယင်းမြို့ဝန် နေမျိုးသူရရဲခေါင် (ဗန္ဓုလ) တစ်တပ်၊

– မြေတူးမြို့ဝန် ရဲလှပျံချီကျော်တစ်တပ်၊

– မင်းကင်းမြို့ဝန် ရဲခေါင်ကျော်စွာတစ်တပ်၊

– ဝန်းသိုမြို့ဝန် ရဲခေါင်နော်ရထာတစ်တပ်၊

– ကန္နီမြို့ဝန် နေမျိုးသီဟရဲခေါင်တစ်တပ်၊

ပေါင်းငါးတပ်၊ မြင်း ၅၀၀၊ စစ်သည်သူရဲ ၅၀၀ ကို စစ်ကဲကြီး အိမ်ရှေ့ဝန်နေမျိုးရာဇာသူကို အယပ်ကွပ်စေဆူးပုံကြောင်း ချီတက်စေလေသည်။

အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယျာသူရ၊ ကလေးမြို့ဝန်၊ တိန်ညင်းမြို့ဝန် ရဲလှရဲခေါင်ကျော်တို့ သုံးတပ်၊ မြင်း ၁၅၀၊ စစ်သည်သူရဲ ၁၅၀၀ ကို အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယျာသူရက အုပ်ကွပ်လျက် တမူးကြောင်း ချီတက်စေလေသည်။ ဗိုလ်ချုပ်နေမျိုးမင်းလှမဟာနော်ရထာလည်း တမူးကြောင်းမှပင် ချီတက်လေသည်။

## အိုင်မွန်တိုက်ပွဲ

နေမျိုးသူရရဲခေါင် (ဗန္ဓုလ) ပါဝင်သော တပ်များသည် အိုင်မွန်ချင်းရွာ တောကြီးအဆင်းတွင် မဏိပူရကသည်းအမတ်ကြီးဟာစာရီ၏ အလုံးအရင်းကြီးလှသော တပ်ကြီးများနှင့် ရင်ဆိုင်မိသဖြင့် မြန်မာတို့က

mgyoe.com

mgyoe.com SAMPLE BOOK


မဆုတ်မဆိုင်း တရကြမ်းတိုက်ခိုက်သဖြင့် ကသည်းတပ်ပြိုပျက်၍ ဆုတ်ခွာရလေသည်။ ကသည်းတပ်များသည် တစ်တိုင်ခန့်ဆုတ်ပြီး တောင်ကြားကျဉ်းရာ အရပ်က ခုခံပြန်ရာ တိုက်သည်နှင့် ပျက်ပြန်လေသည်။ အိုင်မွန်ချောင်းကြီးတွင် ခံသည်ကိုလည်း ထိုးဖောက်၍ မြန်မာတပ်များ အောင်ပွဲရလေသည်။

တမူးကြောင်း ချီတက်သော အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယျာသူရတို့၏ သုံးတပ်လည်း ပလ္လင်အရပ်သို့ရောက်၍ ကသည်းအမတ်ကြီး ဆနာပတိတပ်များနှင့် ရင်ဆိုင်တိုက်ခိုက်ရာ ကသည်းတပ်များ ပြိုပျက်ဆုတ်ခွာရလေ၏။ အကျအဆုံးလည်း များလှ၏။ နေမျိုးမင်းလှမဟာနော်ရထာ တပ်မနှင့် တပ်ပေါင်း ၁၈ တပ်လည်း ကသည်းမဟာရာဇာကိုယ်တိုင် ကွပ်ကဲခုခံနေသော ကက်စိန်တပ်နှင့် တစ်တိုင်ကျော်ကွာ–ပလ္လင်အရပ်တွင် တပ်စွဲ၍ ဆူးပုံကြောင်း ချီတက်သည့် စစ်ကဲကြီး အိမ်ရှေ့ဝန် နေမျိုးရာဇသူတို့ ငါးတပ်နှင့် ပေါင်းမိလျှင် စစ်သည်သူရဲ ၁၅၀၀ နှင့် ဝန်းသိုမြို့ဝန် ရဲခေါင်နော်ရထာကို လက်ယာကြောင်း၊ စစ်သည်သူရဲ ၁၅၀၀ နှင့် မြေတူးမြို့ဝန် ရဲလှပျံချီကို လက်ဝဲကြောင်း၊ စစ်သည်သူရဲ ၃၀၀၀ နှင့် နေမျိုးသူရရဲခေါင် (ဗန္ဓုလ) တို့က အလယ်ကြောင်းအားဖြင့် စစ်သုံးကြောင်းခွဲ၍ ကက်စိန်တပ်ကို ချီတက်တိုက်ခိုက်ကြလေသည်။

## ကက်စိန်တိုက်ပွဲ

ကသည်းစော်ဘွား မဟာရာဇာလည်း မြန်မာနိုင်ငံကို အန္တရာယ်ပြုရန် ကြံရွယ်နေသော နိုင်ငံခြားသားများ၏ တိုက်တွန်းသွေးထိုးမှုကြောင့် အားတက်ကာ အင်္ဂလိပ်တပ်မှ စစ်သားများကို သိမ်းသွင်းကာ အကြီးအကျယ် ခုခံလျက်ရှိရာ မြန်မာတပ်များ ချီတက်လာသည်ကိုမြင်သော် ဆင်စီး၍ ထီးဖြူဆောင်းလျက်၊

mgyoe.com